ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

## Village Development Plan

ငါးရန့်အိုကျေးရွာ ၊ငါးရန့်အိုကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁ ရက် မြောင်မြို့နယ်

# မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)


၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။အစည်းအဝေးမှတ်တမ်းများ


၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

## ၁။မြို့နယ်မြေပုံ


မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ - ၂ မိုင်
33/11 KV,5MVA
70 mm²
1KV
95 mm²
66KV
ACSR 150 mm²
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

## ၂။ကျေးရွာမြေပုံတည်နေရာ



## ၃။အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

(က)ငါးရန့်အို

(ခ)မင်းလှ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ကျေးရွာသမိုင်းကြောင်း

ဂိုဠ္ဍေမျုပ မင်းသေဆုံးပြီးသူ၏နောက်လိုက်များထွက်ပြေးတိမ်းရှောင်လာသောတပ်သားငါးရာသည် ရောဂတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံ ရာအရပ်တွင် စစ်ရေးအရာသော်လည်းကောင်း မြေပြင်အနေထား သော်လည်းကောင်း စိုက်ပျိုးမြေများမြေဆီမြေဩဇာကောင်းမွန်ခြင်းကြောင့်လည်း ကောင်းနေထိုင် ရန်သင့်တော်သောကြောင့် ယခုရွာနေရာ၏အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ကျေးရွာတည်ပြီး နေထိုင်ကြပါသည်။တပ်သားငါးရာနားခိုပြီးရွာတည်သောကြောင့်ငါးရာခိုကျေးရွာဟု အမည်တွင်ခဲ့သည်။ အလရှည်ကြာလာသောအခါ ငါးရာခိုမှ ငါးရန့်အို ကျေးရွာဟုအမည်တွင်ခဲ့သည်။လွန်ခဲ့သော နှစ်တစ်ရာခန့်က မြစ်ကမ်းပါးပြိုကျခြင်းကြောင့် ယခုနေရာသို့ပြောင်းရွှေ့လာခဲသည်။

### ၄.၂။ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၈၅ | ၄၈၄ | ၅၈၈ | ၁၀၇၂ |

### ၄.၃။လူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၂၈၅ | ၄၈၄ | ၅၈၈ | ၁၀၇၂ |

### ၄.၄။ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အရေအတွက် |
|---|---|
| သက်ကြီးအုပ်စု | ၇၉ |
| မသန်စွမ်းအုပ်စု | ၂ |
| အမျိုးသမီးအိမ်ထောင်ဦးစီး | ၆၅ |
| မြေယာမဲ့ | ၁၀၉ |

## ၄.၅။ကျေးရွာပိုင်ဆိုင်မှုများ

| ပိုင်ဆိုင်မှုများ | အရေအတွက် | ပိုင်ဆိုင်မှုများ | အရေအတွက် | ပိုင်ဆိုင်မှုများ | အရေအတွက် |
|---|---|---|---|---|---|
| စိုက်ပျိုးမြေ | ၅၃၆.၈၈ဧက | ဈေးဆိုင် | ၄ | ဆိုင်ကယ် | ၁၀၀ |
| ရေကန် | ၁ | ရေတင်စက် | ၃ | ကျွမ်းကျင် လုပ်သား ( လက်သမား၊ပန်းရံ) | ၇ |
| ကား | - | နွား | ၅၀၀ | | |
| ထော်လာဂျီ | ၂ | ထွန် | ၁၇၅ | | |
| ခြွေလှေ့စက် | ၃ | ထယ် | ၁၇၅ | လယ်ထွန်စက်/ဂွန်ဒေါင်း | ၂/၄ |
| ကျွဲ | ၇၀ | ဝက် | ၇၀ | သာမန်လုပ်သား | ၁၀၀ |


## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှု ရေးပြနှင့် သယံ social map/ Resource map) | ၁၅.၁၂.၁၆ | ကျေးရွာ လူထု | ၁၄၀ | ၁၀၁ | ၂၄၁ | အိမ်များ၊အခြေခံအဆောက် အ ဦး များ၊ လမ်းပန်းဆက် သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၅.၁၂.၁၆ | ကျေးရွာ လူထု | ၁၄၀ | ၁၀၁ | ၂၄၁ | ကျေးရွာလူမှုစီးပွား၊အုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး အတွက်အခြေခံစံနှုန်းများ သတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများ သဘောတူသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန် (seasonal ccalendar) | ၁၅.၁၂.၁၆ | ကျေးရွာ လူထု | ၁၄၀ | ၁၀၁ | ၂၄၁ | ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေး လုပ်ငန်းများ၊ပညာရေး၊ ပွဲတော်များ၊ ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုး/သမီး ပိုင်ဆိုင် မှု ပြဇယား (Acesses and Control) | ၁၅.၁၂.၁၆ | ကျေးရွာ လူထု | ၁၄၀ | ၁၀၁ | ၂၄၁ | အမျိုးသား/သမီး တို့၏ အရင်းအမြစ်အပေါ် မည်သူ ကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၁၅.၁၂.၁၆ | ကျေးရွာလူထု | ၁၄၀ | ၁၀၁ | ၂၄၁ | ကျေးရွာတွင်းရှိအဖွဲ့အစည်းမျ ား မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၅.၁၂.၁၆ | ကျေးရွာလူထု | ၁၄၀ | ၁၀၁ | ၂၄၁ | အမျိုးသားနှင့်အမျိုးသမီး များ န်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၇ | အဓိကအခက်အခဲပြဿနာများ | ၁.၁၂.၁၇ | အမျိုးသမီးအုပ်စု | | ၉၄ | ၉၄ | ဆွေးနွေးထားသောအခြေခံအဆောက်အဦးများနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ပညာရေး၊ကျန်းမာရေး |
| ၈ | အဓိကအခက်အခဲပြဿနာများ | ၁.၁၂.၁၇ | အမျိုး သားအုပ်စု | ၈၈ | | ၈၈ | ဆွေးနွေးထားသောအခြေခံအဆောက်အဦးများနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ပညာရေး၊ကျန်းမာရေး |
| ၉ | ကျေးရွာ၏(၅)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား | ၁.၁၂.၁၇ | ကျေးရွာလူထု | ၈၈ | ၉၄ | ၁၈၂ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့် အဓိကလိုအပ်ချက်များပေါ် မူတည်၍ဆုံးဖြတ်သည်။ |

## ၆။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

### ၆.၁။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ



**ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

**လူနေထိုင်မှုပုံစံ-** ကျေးရွာရှိအိမ်ထောင်စုများသည်စုစီးပြီးအကွက်ကျပုံဖေါ်နေထိုင်ကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး-**ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ကြပါသည်။မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။ရေဝင်သောဒေသဖြစ်ပြီး ရေတိုးသောအခါ သွားလာရာတွင် မော်တော်များဖြင့်သွားလာရပါသည်။ကျေးရွာချင်းဆက်လမ်းများမှာလည်း **မြေသားလမ်းများဖြစ်**၍ **သွားလာရေးအလွန်ခက်ခဲပါသည်။**

**ကျန်းမာရေး-**။နာမကျန်းဖြစ်မှုများကိုကျေးရွာတွင်းရှိကုန်စုံဆိုင်တွင်ဆေးဝယ်ယူ သောက်သုံးကြပါသည်။ ကလေးမွေးဖွားခြင်းအတွက် ကျေးလက်သားဖွားဆရာမရှိပါသည်။ အဓိက ဆေးကုသမှုခံယူခြင်းကို တိုက်နယ်ဆေးခန်းသို့သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။

**သောက်သုံးရေ-**ကျေးရွာတွင်းရှိလက်တူးတွင်း၊အဂ်စီတွင်းရေများကိုအသုံးပြုကြပါသည်။

**အခြား**ဘုရားသည်ကျေးရွာ၏အရှေ့တွင်ရှိပါသည်။ဘုန်းတော်ကြီးကျောင်းသည်ကျေးရွာ၏မြောက်ဘက်တွင်ရှိပါသည်။စာသင်ကျောင်းသည် ရွာ၏အနောက်ဘက်ပိုင်းတွင်တည်ရှိပါသည်။

**စီးပွားရေးအရင်းအမြစ်-**ကျေးရွာ၏ဘေးပတ်လည်တွင်ရှိသော လယ်၊ယာမြေများကို အသုံးပြု၍ ပဲအမျိုးမျိုး၊စပါး၊ပြောင်းဖူး၊စသည်တို့ကို စိုက်ပျိုးထုတ် လုပ်ကြပါသည်။**သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်မှုမရှိခြင်း၊ဒေသနည်းစနစ်ဖြင့်သာစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရိတ်သိမ်းစရိတ်များအခက်အခဲ**ရှိပါသည်။ ကျွဲ၊နွားများကိုလည်း မွေးမြူကြပါသည်။ မြစ်ရေ တက်လာချိန်တွင်ကျွဲ၊နွားများအားထားရှိရန်မြေနေရာနှင့် အစားအစာ လိုအပ်ပါသည်။ ရွာအရှေ့ဘက်တွင် အင်းရှိသော်လည်းရေလုပ်ငန်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးမှ လေလံစနစ်ဖြင့် ရောင်းချသောကြောင့် အင်းသကြီးကသာ ငါးလုပ်ငန်းကို လုပ်ကိုင်ခွင့်ရပါသည်။

**အရင်းအမြစ်နှင့် ဆက်စပ်သော ပြဿနာများ-** သီးနှံများ အထွက်နှုန်းနည်းခြင်းကြောင့် ဝင်ငွေလျော့ကျပြီး ပညာရေး၊ကျန်းမာရေး၊လူမှုရေး ထိခိုက်နေသည်ကို တွေ့ရပါသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း မရှိသောကြောင့်**သွားလာရေးခက်ခဲ**ပါသည်။

**အဓိကအခက်အခဲများ-** စိုက်ပျိုးသီးနှံများအလွယ်တကူတင်ပို့ရောင်းချနိုင်ရန်နှင့် အရေးပေါ်ကျန်းမာရေးအတွက် ဆေးရုံဆေးခန်းသို့ အချိန်မှီရောက်ရှိရန် ကျေးရွာချင်းဆက်လမ်းကောင်းမွန်ရန်လိုပါသည်။ စိုက်ပျိုးရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများနှင့် အမျိုးသမီးများအတွက်ဝင်ငွေရရှိစေရန် အိမ်တွင်းမှုလုပ်ငန်းများဖော်ဆောင်ရန်လိုအပ်ပါသည်။ကျန်းမာရေးအတွက်သားဖွားဆရာမရှိသော်လည်း **ကျေးလက်ဆေးပေးခန်းဆောက်အဦးမရှိပါ**။ကျန်းမာရေးအတွက် ကျေးရွာရှိနေအိမ်တိုင်းတွင် ယင်လုံအိမ်သာများမရှိသေးပါ။**စာကြည့်တိုက်ရှိ**သော်လည်းရံပုံငွေမရှိ၍**ဖွင့်လှစ်နိုင်ခြင်းမရှိ**သောကြောင့် ကျေးရွာသူရွာသားများ အသိပညာ ဗဟုသုတများနည်းပါးနေပါသည်။

## ၆.၂။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပါးကုန်းအုပ်စု၊ ပါးကုန်းကျေးရွာ၏ ချမ်းသာမှုအဆင့်သတ်မှတ်ခြင်း

| အဆင့် | ညွှန်းကိန်း (ဒေသသုံးစကား) | အိမ်ထောင်စု |
|---|---|---|
| အချမ်းသာဆုံး | မြေ-၁၀ဧကကိုကျော်၊ လယ်ထွန်စက်ကြီး၊ အိမ်ကြီး ကျွဲ-နွား(၄)ကောင်-ဆိုင်ကယ်-ကားကြီး ရေပန်စက် | ၁၅ |
| အသင့်အတင့် ချမ်းသာ | မြေ-၅ဧကကိုကျော် ကျွဲနွား(၂)ကောင်၊ ကျေ၊ ပန်းဆောင်၊ ဆွဲစိုး၊ ကွင်းဝိုင်း တော်လှန်ဒီ၊ မြေပဲစက်၊ ရေပန်စက် | ၄၂ |
| အသင့်အတင့် နွမ်းပါး | မြေ ၂ ဧကကိုကျော် ထော်လာ၊ ဆွဲစိုး၊ ဆိုင်ကယ်၊ ဈေးဆိုင်ငယ် | ၁၁၉ |
| အနွမ်းပါးဆုံး | ကူလီ၊ ကျပန်း၊ လှေသူ၊ ရေလုပ်သား၊ ထော်လာ-တိုက်လက်ကိုင်၊ ကပ်စွဲ | ၁၀၆ |

ပံ့ပိုးကူညီသူများ

ကျေးရွာလူထု

## ၆.၃။ရာသီခွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

**ရာသီဥတု**-တပေါင်းလမှ နယုန်လအထိ နွေရာသီသော်လည်းမိုးများလည်းရွာသွန်းပါသည်။ ဂါဆိုလမှ စ၍တန်ဆောင်မုန်းလ အထိ မိုးရာသီ ဖြစ်ပါသည်။နတ်တော်မှ တပို့တွဲလထိ ဆောင်းရာသီ ဖြစ်ပါသည်။ မိုးရာသီတွင် မိုး အလွန်များပါသည်။နွေရာသီတွင် အလွန်ပူပြီး ဆောင်းတွင်းလည်း အရမ်း အေးပါသည်။ဂါဆို၊ဂါခေါင်တွင် ရေအလွန်ကြီးပါသည်။

**စိုက်ပျိုးရေး-**

တန်ခူးလတွင်ပဲတီစိမ်းစိုက်ပျိုးပြီးကဆုန်လ၊နယုန်လတွင်ရိတ်သိမ်းပါသည်။တော်သလင်းလ၊ သီတင်းကျွတ်လများတွင် ပဲ၊ကောက်ကြီး၊ကြက်သွန်နီများ စိုက်ပျိုးကြပါသည်။တန်ဆောင်မုန်းတွင် ပဲအမျိုးမျိုး၊ ငရုတ်စိုက်ပျိုးကာနတ်တော်လတွင်ပေါင်းနုတ်ကြပါသည်။ပြာသို၊တပို့တွဲတွင်မုရင်းစပါး စိုက်ပျိုး ကြပါပြီး တပေါင်းလတွင်သီးနှံများရိတ်သိမ်းကြပါသည်။ စိုက်ပျိုးရေးကိုမိရိုးဖလာ ကျဲပက်စိုက်ပျိုးရေးစနစ်ကို အသုံးပြုကြပါသည်။စိုက်ပျိုးသောသီးနှံမျိုးများကို ဒေသတွင်ရှိသော မျိုးများကိုအသုံးပြုရသောကြောင့် အထွက်နှုန်းလျော့နည်းခြင်း၊မိရိုးဖလာစိုက်ပျိုးစနစ်ကြောင့် ရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အရင်းအနှီးများလည်းလိုအပ်နေပါသည်။


**ကျန်းမာရေး-**တန်ခူးလတွင် အဖျားရောဂါများအဖြစ်များပါသည်။တော်သလင်း၊တန်ဆောင်မုန်းလများတွင် တုပ်ကွေးများ အဖြစ်များပါသည်။တပို့တွဲလတွင် ဂမ်းပျက်၊ဂမ်းလျှောရောဂါများ အဖြစ်များပြီး ကျန်လများတွင်ကျန်းမာရေးကောင်းမွန်ပါသည်။

**ပွဲတော်**-တန်ခူးလတွင်သင်္ကြန်ပွဲ ကဆုန်တွင်ညောင်ရေသွန်းပွဲ ကိုကျင်းပပါသည်။ဂါဆိုလတွင် ရှစ်မျက်နှာ ဘုရားပွဲကျင်းပပြီးဂါခေါင်လတွင်လှေပြိုင်ပွဲကျင်းပပါသည်။သီတင်းကျွတ်၊တန်ဆောင်မုန်း တွင်မီးထွန်းပွဲတော်များကျင်းပပါသည်။တပို့တွဲတွင်ထမနဲထိုးပွဲရှိပြီးတပေါင်းလတွင်နတ်ပွဲ ကျင်းပပါသည်။

**ရွှေ့ပြောင်းလုပ်သား-**ရွာတွင်အလုပ်လုံလောက်စွာမရှိသဖြင့် တခြားနယ်များသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်စားသောက်ကြပါသည်။ အခြားသို့သွားရောက်၍ကောက်စိုက်ခြင်း၊ပျိုးနုတ်ခြင်း၊ မြေပဲဆွတ်ခြင်း၊သစ္စားပင်တိုင်ထောင်ခြင်း၊ကြိုးချီခြင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်

**အဓိကအခက်အခဲများ-**စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်နေရခြင်းကြောင့် စိုက်ပျိုးစရိတ် ချေးငွေများ လိုအပ်နေပါသည်။သီးနှံများလွယ်ကူစွာသယ်ပို့ရောင်းချနိုင်ရန် ၊ပညာရေးအတွက် ကျောင်းသား/ သူများအလွယ်အကူသွားလာနိုင်ရန်နှင့်အရေးပေါ် ကျန်းမာရေး ပို့ဆောင်ရန်အတွက် ကျေးရွာချင်း လမ်းကောင်းမွန်ရန် လိုအပ်ပါသည်။ **မျိုးကောင်းမျိုးသန့်များ၊စိုက်ပျိုးနည်းပညာများ၊ စိုက်ပျိုးရေး အတွက် အရင်းအနှီးများလိုအပါသည်**။အခြားသို့ သွားရောက် လုပ်ကိုကြသူများတွင် အမျိုးသားဦး ရေထက် အမျိုးသမီးဦးရေအရေအတွက်က ပိုများ သောကြောင့် အမျိုးသမီးများအတွက် မိမိတို့ **ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများဖော်ဆောင်ပေးရန်** လိုပါသည်။(ဥပမာ မုန့်လုပ်ငန်း၊ ကုလားပဲ ကြော်၊ ကုလားပဲမှုန့်ထုတ်လုပ်ခြင်း၊ငရုပ်သီးမှုန့်ထုတ်လုပ်ခြင်းစသည်)

၆.၄။ဗင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**


ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ

အုပ်ချုပ်ရေး၊ရွာမီးသတ်အဖွဲ့၊လူမှုကူညီရေးအသင်းများသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် အချင်းချင်းချိတ်ဆက်ဆောက်ရွက်ကြပါသည်။ မမြမေခေါ် ပက်မြန်မာအသင်းသားများသည် အသင်းသား အချင်းချင်းချိတ်ဆက်မှုအားကောင်းပါသည်။အခြားအဖွဲ့များနှင့်ချိတ်ဆက်မှုအားနည်း ပါသည်။ ဂေါ်ပကာ၊ကာလသားအဖွဲ့အသင်းများသည်အခြားအဖွဲ့များနှင့်ချိတ်ဆက်မှုအားနည်းနေ ပါသည်။

**ကျေးရွာပြင်ပအဖွဲ့အစည်းများ**

ပညာရေး၊မီးလင်းရေး၊ပက်မြန်မာ၊အုပ်ချုပ်ရေး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ကျန်အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းကြောင်းတွေ့ရှိရပါသည်။

## ၆.၅။ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

အမျိုးသားနှင့် အမျိုးသမီး တန်းတူ အခွင့်အရေး ရရှိမှုကို သိရှိရန် အဆင့်(၈)ဆင့်သတ်မှတ်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

**ပညာရေး**-အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်မြောက်မှု မြင့်မားပါသည်။ယခင်က အမျိုးသမီးများသည် အိမ်မှုကိစ္စများကူညီလုပ်ကိုင်နေရသဖြင့် ပညာရေးတွင် အားနည်းမှုရှိခဲ့ပါသည်။ ယခုမျိုးဆက်သစ်များသည် တန်းတူအခွင့်အရေးရရှိပါသည်။

**ပိုင်ဆိုင်မှု**-ပိုင်ဆိုင်မှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ပိုင်ဆိုင်ပါသည်။ပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့်အထွေထွေပစ္စည်းကိုနှစ်ဦးစလုံးပိုင်ဆိုင်သော်လည်း အမျိုးသမီးများက ပို၍ ထိန်းချုပ်နိုင်ပါသည်။

**ဝင်ငွေရရှိမှု**-အမျိုးသားများသည်အိမ်ထောင်စု၏ဝင်ငွေကိုအဓိကဦးဆောင်ရှာဖွေနေကြရပြီး အမျိုးသမီးများ ကလည်း တဖက်တလမ်းမှ ဝင်ငွေရရှိရန်ကြိုးပမ်းလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း**-အမျိုးသားများမှ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကြောင်းတွေ့ရပါသည်။ သို့သော် ဝင်ငွေရရှိမှုမှာ အမျိုးသမီးများမှာ နိမ့်ကျမှုရှိနေပါသည်။


**အိမ်မှုကိစ္စ**-အမျိုးသားများအနေဖြင့် အမျိုးသမီးများအား အိမ်မှုကိစ္စများ ဝင်ရောက်လုပ်ကိုင် ပေးရန် လိုအပ်နေပါသည်။

**ခေါင်းဆောင်မှု**-ကျေးရွာအိမ်ထောင်စုများတွင် အမျိုးသားများကသာ ဦးဆောင်နေကြောင်း တွေ့ရပါသည်။

**လုံခြုံမှု**- အမျိုးသားများ၊အမျိုးသမီးများသည် ကျေးရွာနှင့်မိမိ မိသားစုအပေါ်တွင် ဘေးအန္တရာယ် မဖြစ်အောင်ပို၍အကာကွယ်ပေးနိုင်ပါသည်။

**အရင်းမြစ်ပေါ်မှီခိုမှု**-အမျိုးသမီးများသည် အမျိုးသားများထက် အနည်းငယ်သာလွန်မှုရှိပါသည်။ တောထွက်ပစ္စည်းများရှာဖွေခြင်း၊မြစ်ထဲငါးရှာခြင်း၊လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်း၊ရွှေကျင်ခြင်း စသည့်လုပ်ငန်းများတွင်အမျိုးသမီးများမှပိုမိုလုပ်ကိုင်ကြပါသည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်



[illegible] အမျိုးသား၊ အမျိုးသမီး [illegible]

| စဉ် | အမျိုးသား | အမျိုးသမီး | အမျိုးသား / အမျိုးသမီး |
|---|---|---|---|
| ၁ | ထွန်တုံး | ထမင်းအိုး | လှည်း |
| ၂ | ပေါက်ပြား | ရေအိုး | [illegible] |
| ၃ | ထယ် | နွားကပ် ၊ နွားအစာ | နာရီ |
| ၄ | ပိုက်ကွန် | နှုတ်ခမ်းနီ ဘောင်း | ရေပုံး |
| ၅ | တောင်ဝှေး | ယောက်မ | ခမောက် |

ပံ့ပိုးကူညီသူများ
ကျေးရွာလူထု

**သုံးသပ်ချက်**

အမျိုးသား/သမီး များပစ္စည်းသုံးစွဲမှု့တွင်ခွဲဝေသုံးစွဲကြောင်းတွေ့ရှိပါသည်။ထို့အပြင် လုပ်ငန်းများကို မိမိသဘောဆန္ဒတစ်မျိုးတည်းမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် တိုင်တိုင်ပင်ပင် ပြုလုပ်ကြကြောင်းတွေ့ရပါသည်။ပစ္စည်းများပိုင်ဆိုင်မှုကိုဆွေးနွေးရာတွင် အမျိုးသား၊အမျိုးသမီးများနှစ်ဦးစလုံးမှ ပိုင်ဆိုင်ကြောင်းဆွေးနွေးပါသည်။

**၆.၇ ။အမျိုးသမီးများတင်ပြသောအခက်အခဲများ**

- ကျေးရွာတွင်းလမ်းများမကောင်းခြင်း
- ကျေးရွာတောင်ဘက်သို့ထွက်လမ်းမကောင်းခြင်း
- ကျန်းမာသန့်ရှင်းရေးမပြည့်စုံခြင်း
- ဆေးပေးခန်းမရှိခြင်း
- စာကြည့်တိုက်စာအုပ်မပြည့်စုံခြင်း
- အမျိုးသမီးများအတွက်အိမ်တွင်းဝင်ငွေရလုပ်ငန်းမရှိခြင်း

**အကျိုးဆက်များ**

- ကျေးရွာတွင်းလမ်းများမကောင်းခြင်းကြောင့် ရာသီမရွေးသွားလာရေးအဆင်ပြေခြင်း
- ကျေးရွာတောင်ထွက်လမ်းမကောင်းခြင်းကြောင့် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရန်အတွက် ခက်ခဲခြင်း
- ယင်လုံအိမ်သာများအိမ်တိုင်းမရှိသောကြောင့် ဝမ်းပျက်လျောရောဂါဖြစ်ပွားမှာစိုးရိမ်ရခြင်း
- ဆေးပေးခန်းမရှိခြင်းကြောင့် ဆေးခန်းပြခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုခံယူရတွင် ခက်ခဲခြင်း
- စာကြည့်တိုက်စာအုပ်မပြည့်စုံခြင်းကြောင့် စာကြည့်တိုက်မဖွင့်လှစ်နိုင်၍ကျေးရွာသူ/သားများ ဗဟုသုတနည်းပါးခြင်း
- အမျိုးသမီးများအိမ်တွင်းဝင်ငွေရလုပ်ငန်းများမရှိခြင်း၍ အခြားသို့သွားရောက်အလုပ်လုပ်ကိုင်ရသောကြောင့်အမျိုးသမီးများအတွက်လုံခြုံရေးစိုးရိမ်ရခြင်း

**ဖြေရှင်းနည်းလမ်းများ**

- ကျေးရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း
- ကျေးရွာတောင်ထွက်လမ်းကွန်ကရစ်ခင်းခြင်း
- ဆေးပေးခန်းတည်ဆောက်ခြင်း
- ယင်လုံအိမ်သာများတည်ဆောက်ခြင်း
- စာကြည့်တိုက်အတွက်လိုအပ်သောစာအုပ်များဝယ်ခြင်း

**အမျိုးသမီးများ၏မျှော်မှန်းချက်များ**

- ကျေးရွာတောင်ထွက်လမ်းကောင်းမွန်ပြီးသွားလာရေးအဆင်ပြေချောမွေ့နေခြင်း
- ကျေးရွာတွင်းလမ်းများကောင်းမွန်ပြီးရာသီမရွေးသွားလာရေးအဆင်ပြေခြင်း

- ဆေးခန်းတည်ဆောက်ပြီးစီး၍လုံခြုံစိတ်ချစွာဖြင့်ကျန်းမာရေးစောင့်ရှောက်မှုခံယူနေခြင်း
- စာကြည့်တိုက်တွင်စာအုပ်စာပေများပြည့်စုံပြီး ကျေးရွာသူ/ရွာသားများ စာအုပ်စာပေ လေ့လာဖတ်ရှုနေခြင်း
- တစ်ရွာလုံးအိမ်တိုင်းယင်လုံအိမ်သာသုံးစွဲနေခြင်း
- အမျိုးသမီးများအိမ်တွင်းမှုလုပ်ငန်းများပြုလုပ်ခြင်းဖြင့် ဝင်ငွေတိုးတက်နေခြင်း

**၆.၈။အမျိုးသားများတင်ပြသောအခက်အခဲများများ**

- ကျေးရွာတောင်ထွက်လမ်းမကောင်းခြင်း
- ကျေးရွာတွင်းလမ်းများမကောင်းခြင်း
- ဆေးပေးခန်းမရှိခြင်း
- ကျန်းမာသန့်ရှင်းရေးမပြည့်စုံခြင်း
- စာကြည့်တိုက်စာအုပ်မပြည့်စုံခြင်း
- နည်းစနစ်ကျသောစိုက်ပျိုးရေးနည်းပညာမရှိခြင်း
- စိုက်ပျိုးစရိတ်များလိုအပ်ခြင်း
- စိုက်ပျိုးသီးနှံမျိုးကောင်းမျိုးသန့်များမရှိခြင်း

**အကျိုးဆက်များ**

- ကျေးရွာတွင်းလမ်းများမကောင်းခြင်းကြောင့် ရာသီမရွေးသွားလာရေးအဆင်ပြေခြင်း
- ကျေးရွာတောင်ထွက်လမ်းမကောင်းခြင်းကြောင့် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရန်အတွက်ခက်ခဲခြင်း
- ယင်လုံအိမ်သာများအိမ်တိုင်းမရှိသောကြောင့် ဝမ်းပျက်လျောရောဂါဖြစ်ပွားမှာစိုးရိမ်ရခြင်း
- ဆေးပေးခန်းမရှိခြင်းကြောင့် ဆေးခန်းပြခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုခံယူရတွင် ခက်ခဲခြင်း
- စာကြည့်တိုက်စာအုပ်မပြည့်စုံခြင်းကြောင့် စာကြည့်တိုက်မဖွင့်လှစ်နိုင်၍ကျေးရွာသူ/သားများဗဟုသုတနည်းပါးခြင်း
- စနစကျသောစိုက်ပျိုးရေးနည်းပညာမရှိခြင်းကြောင့် မိရိုးဖလာ ကျဲပက်စိုက်ပျိုးစနစ်ကိုသာအသုံးပြုခြင်းကြောင့် သီးနှံအထွက်နှုန်းမကောင်းခြင်းနှင့် လေလွင့်ဆုံးရှုံးမှုများခြင်း
- စိုက်ပျိုးစရိတ်မလုံလောက်ခြင်းကြောင်းအခြားမှ အတိုးကြီး ပေး၍ ချေးငှားရခြင်းကြောင့်ဝင်ငွေလျော့နည်းခြင်း
- မျိုးကောင်းမျိုးသန့်များမရရှိခြင်းကြောင့် သီးနှံအထွက်လျော့နည်းခြင်း

**ဖြေရှင်းနည်းလမ်းများ**

- ကျေးရွာတောင်ထွက်လမ်းကွန်ကရစ်လမ်းခြင်း
- ကျေးရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း

- ဆေးပေးခန်းတည်ဆောက်ခြင်း
- ယင်လုံအိမ်သာများဆောက်လုပ်ခြင်း
- စာကြည့်တိုက်အတွက် လိုအပ်သောစာအုပ်များဝယ်ခြင်း
- မျိုးကောင်းမျိုးသန့်များရရှိအောင်မြို့နယ်စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
- စိုက်ပျိုးရေးနည်းပညာသင်တန်းများတက်ရောက်ခြင်းနှင့်လက်တွေ့အသုံးချခြင်း
- စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာနှင့် လုံလောက်စွာချေးငှားရန်

**အမျိုးသား၏မျှော်မှန်းချက်**

- ကျေးရွာတောင်ထွက်လမ်းကောင်းမွန်ပြီးသွားလာရေးအဆင်ပြေချောမွေ့နေခြင်း
- ကျေးရွာတွင်းလမ်းများကောင်းမွန်ပြီးရာသီမရွေးသွားလာရေးအဆင်ပြေခြင်း
- ဆေးခန်းတည်ဆောက်ပြီးစီး၍လုံခြုံစိတ်ချစွာဖြင့်ကျန်းမာရေးစောင့်ရှောက်မှုခံယူနေခြင်း
- စာကြည့်တိုက်တွင်စာအုပ်စာပေများပြည့်စုံပြီး ကျေးရွာသူ/ရွာသားများ စာအုပ်စာပေ လေ့လာဖတ်ရှုနေခြင်း
- တစ်ရွာလုံးအိမ်တိုင်းယင်လုံအိမ်သာသုံးစွဲနေခြင်း
- စိုက်ပျိုးစရိတ်များလုံလောက်စွာရရှိနေခြင်း
- မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးပြီးသီးနှံအထွက်နှုန်းကောင်းမွန်နေခြင်း

**၆.၉။နောင်(၅)နှစ်စာဦးစားပေးအစီအစဉ်**

- ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်ခင်းခြင်း
- ချဉ်းကပ်လမ်းကျောက်ချောလမ်းခြင်း
- ကျေးရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း
- ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

**ကျေးရွာမျှော်မှန်းချက် ဆွေးနွေးခန်းမှ ရရှိလာသောရလဒ်**

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်း မွန်လာရမည်။လျှပ်စစ်မီးရရှိပြီး အချိန်မရွေးသွားလာနိုင်ကာ၊စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာရမည်။ |
| အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော် မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်းမှ တိုက်ရိုက်ထောက်ပံ့ငွေကို အသုံးချပြီး သဘာဝဘေး၊ ပညာရေး၊ရွာတွင်းလမ်းများကောင်းမွန်လာစေရန်နှင့် လျှပ်စစ်မီးများ ရရှိလာလျှင် အလင်းရောင်ရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်း ရှိ လူငယ်များ လမ်းမှား မရောက်စေရန် အတွက် ကျေးရွာစာကြည့်တိုက်တစ်ခု ရှိချင်ပါသည်။အကောင်ထည် မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။မြို့နယ် အတွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာလိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံများပြုလုပ်မည်ဖြစ်ပါသည်။ |

၇။ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ









**ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ(ငါးရန့်အိုအုပ်စု၊ငါးရန့်အိုကျေးရွာ)**

| စဉ် | အမည် | အသက် | တာဝန် | ပညာအရည်အချင်း | မှတ်ချက် (ဖုန်းနံပါတ်) |
|---|---|---|---|---|---|
| ၁။ | ဦးခင်မောင်ဝင်း | ၅၇နှစ် | ကျေးရွာစီ၊ထောက်ဥက္ကဌ | မူလတန်း | ၀၉၂၅၀၅၄၂၇၃၅ |
| ၂။ | ဒေါ်ညိမ်း | ၅၈နှစ် | ကျေးရွာစီ၊ထောက်ဥက္ကဌ | အထက်တန်း | ၀၉၂၅၉၉၄၀၃၅၁ |
| ၃။ | ဒေါ်ဌေးကြည် | ၄၉နှစ် | အဖွဲ့ဝင် | မူလတန်း | ၀၉၇၉၂၁၂၂၉၁၃ |
| ၄။ | ဒေါ်သီတာမိုး | ၃၄နှစ် | စာရင်း ကိုင် | အထက်တန်း | ၀၉၄၄၀၅၈၇၇၃၈ |
| ၅။ | ဦးသိန်းဝင်း | ၅၃နှစ် | ဝေဖန်အကြံပြုတိုင်ကြားရေး | အထက်တန်း | |
| ၆။ | ဒေါ်သန်းမော် | ၄၂နှစ် | ဝေဖန်အကြံပြုတိုင်ကြားရေး | အလယ်တန်း | |
| ၇။ | ဒေါ်တင်မော် | ၄၈နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | မူလတန်း | |
| ၈။ | ဦးဝင်းတင့် | ၅၉နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | မူလတန်း | ၀၉၇၈၉၈၉၀၄၂၀ |
| ၉။ | ဦးစိုးဝင်း | ၅၀နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | မူလတန်း | ၀၉၉၇၈၈၁၂၆၂ |
| ၁၀။ | ဦးချစ်စံ | ၆၇နှစ် | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | မူလတန်း | ၀၉၂၅၆၅၆၄၁၂၉ |
| ၁၁။ | ဦးထွန်းညွန့် | ၆၇နှစ် | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | အထက်တန်း | ၀၉၇၇၉၆၂၅၉၄၄ |
| ၁၂ | ဒေါ်မာတောက် | ၃၇နှစ် | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | မူလတန်း | |
| ၁၃။ | ဦးဇော်လွင်ဦး | ၄၆နှစ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | အထက်တန်း | ၀၉၄၂၀၁၈၀၅၇ |
| ၁၄။ | ဦးမျိုးလွင် | ၄၅နှစ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | အလယ်တန်း | ၀၉၇၉၄၈၅၃၈၀၄ |
| ၁၅။ | ဒေါ်မိုးသူ | ၃၄နှစ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | မူလတန်း | ၀၉၂၅၆၆၂၆၃၄၁ |
| ၁၆ | ဒေါ်မာမာလွင် | ၄၄နှစ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | အထက်တန်း | |
| ၁၇ | ဦးညွန့်ဝင်း | ၇၅နှစ် | စေတနာ့ဝန်ထမ်း | အလယ်တန်း | |
| ၁၈ | ဒေါ်ကြည်စန္ဒာ | ၄၄နှစ် | စေတနာ့ဝန်ထမ်း | ဘွဲ့ရ(Eco) | |

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ.**

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက် ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အ မျိုးသမီးများ အချိုးညီစွာပါဝင်ရန်ကျေးရွာ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။ အစည်းအဝေး တိုင်းတွင်အမျိုးသမီးများပြောကြားလိုသော အချက်များကိုလွတ်လပ်ပွင့်လင်းစွာ ပြောကြားနိုင်ကြောင်းကို လည်းအသိပေးထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင်အမျိုးသမီး များတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကို လည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲ များအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါက တူညီသောလုပ်ငန်းအတွက်တူညီသော လုပ်ခလစာများရှိမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်းတွင် အမျိုးသမီး /သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့ သည်။အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲမှုစွမ်း ရည်များတိုး တက်လာစေရန်အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံး အမျိုးသမီးတဦး ပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေး နွေးမှုများ ပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများ ကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော် ထုတ်ခြင်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

**ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်**

စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/အုပ်စုအမည်-ညောင်ကားယားကျေးရွာ၊ညောင်ကားယားအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မ ရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၅။ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေးဦးဆောင်နိုင်ရေးအတွက် တွန်းအားပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက် ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီအချိန်များ က ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/ သမီး များထဲမှအချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြား ဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီး များနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင် စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/ သမီး များသီးခြားဆွေးနွေး ဖော်ထုတ် ဆောင်ရွက် ခဲ့တာ မျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊အမျိုးသားအချိုးညီမျှစွာ(၅၀:၅၀)ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခု ပါဝင်နိုင်ရေး အတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးရွေးချယ်လိုက်သော ဦးစားပေး ရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေး ပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်း မှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများ အပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြား | √ | | |

| | | | | |
|---|---|---|---|---|
| | ခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင်ရှင်းလင်းပါ။ | √ | | |

## ၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသ ည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ဦးရဲမြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09.7777414454 | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးမျိုးဇော်ထွန်း |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး စစ်ကိုင်း မြို့နယ် မြောင် | | ကျေးရွာအုပ်စု ငါးရုံအိုင် | ကျေးရွာ ငါးရုံအိုင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၂၈၅ | ဘာသာ (၁) --ဗုဒ္ဓ------ | ၂၈၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ--- | ၄၈၄ | ၅၈၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၂၀ | ၆၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |

| | | | | | |
|---|---|---|---|---|---|
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အ…်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    ကတ္တရာလမ်း    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း    မြေသားလမ်း    လူသွားလမ်း    အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　□ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ------------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

(ည) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ　　☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်　　အမည်　ဦးရဲမြင့်

လက်မှတ်　[signature]　နေ့စွဲ　၁၅.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး　　အမည်　ဦးမျိုးကျော်ထွန်း

လက်မှတ်　[signature]　နေ့စွဲ　၁၅.၁၂.၂၀၁၅

## ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ -၂ -,စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြ ဖြည့်သွင်းရမည်။ | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးမျိုး ဇော်ထွန်း | | | | |
| နေ့စွဲ | ၁၅.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | စစ်ကိုင်း | မြို့နယ် | ဖြောင် | ကျေးရွာအုပ်စု ငါးရန့်ဒိုင် | ကျေးရွာ ငါးရန့်ဒိုင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၅.၁၂.၁၆ | ၁၅.၁၂.၁၆ | ၁၄၀ | ၁၀၁ | ၂၄၁ | ဗမာ \| ၂၄၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁.၁၇ | ၁၀.၁.၁၇ | ၈၈ | ၉၄ | ၁၈၂ | ဗမာ \| ၁၈၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁.၁၇ | ၁၀.၁.၁၇ | ၁၉ | ၁၅ | ၃၄ | ဗမာ \| ၃၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 3.1.17 | 3.1.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၂.၁.၁၇ | ၁၂.၁.၁၇ | ၁၃၀ | ၁၄၃ | ၂၇၃ | ဗမာ \| ၂၇၃ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | 27.2.17 | 27.2.17 | 78 | 76 | 154 | ဗမာ \| 154 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 27.2.17 | 27.2.17 | 78 | 76 | 154 | ဗမာ | 154 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 27.2.17 | 27.2.17 | 78 | 76 | 154 | ဗမာ | 154 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 27-2.17 | 27.2.17 | 78 | 76 | 154 | ဗမာ | 154 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ၁၇။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမျိုးဇော်ထွန်း | | | |
| နေ့စွဲ - ၁.၁-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ရွှေဘို | ကျေးရွာအုပ်စု ငါးဂုံးဘို | ကျေးရွာ ငါးဂုံးဘို |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတောင်ထွက်လမ်းမကောင်း | ၁ | ကျေးရွာတွင်းလမ်းမကောင်း |
| ၂ | ကျေးရွာတွင်းလမ်းမကောင်း | ၂ | ကျေးရွာတောင်ထွက်လမ်းမကောင်း |
| ၃ | သောက်ရေသန့်မရှိခြင်း | ၃ | ကျန်းမာရေးဌာနရေး မပြည့်စုံခြင်း |
| ၄ | ကျန်းမာရေးဌာနရေး မပြည့်စုံခြင်း | ၄ | သောက်ရေသန့်မရှိခြင်း |
| ၅ | စာကြည့်တိုက်စာအုပ်မပြည့်စုံ | ၅ | စာကြည့်တိုက်စာအုပ်မပြည့်စုံ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်လမ်းဖြစ်ချင် | ၁ | ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်လမ်းဖြစ်ချင် |
| ၂ | သောက်ရေသန့်နှင့် ဆေးရုံပြည့်စုံချင် | ၂ | ကျေးရွာတွင်းလမ်း ကျောက်ချောလမ်း ဖြစ်ချင် |
| ၃ | ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းဖြစ်ချင် | ၃ | သောက်ရေသန့်နှင့် ဆေးရုံ ပြည့်စုံ |
| ၄ | စာကြည့်တိုက်စာအုပ်များပြည့်စုံချင် | ၄ | တစ်ရွာလုံး သန့်ရှင်းသော ပြည့်စုံမှု ရှိချင် |
| ၅ | တစ်ရွာလုံး သန့်ရှင်းသော ပြည့်စုံမှု ရှိချင် | ၅ | စာကြည့်တိုက် စာအုပ်များ ပြည့်စုံချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်လမ်းခင်းရန် | ကျား + မ | ၁၅၀၀၀၀၀၀ | ၁၀၇၂ |
| ၂ | ချိုင်းကုန်လမ်း ကျောက်ချောလမ်းခင်းရန် | ။ | ၁၅၀၀၀၀၀၀ | ၁၀၇၂ |
| ၃ | ကျေးရွာတွင်းလမ်း ကျောက်ချောလမ်း | ။ | ၁၅၀၀၀၀၀၀ | ၁၀၇၂ |
| ၄ | သောက်ရေကန် တည်ဆောက် | ။ | ၁၅၀၀၀၀၀၀ | ၁၀၇၂ |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စာကြည့်တိုက် | ကျား၊မ | မြို့သစ် (မြို့နယ်) |
| ၂ | စိုက်ပျိုးရေး [illegible] | ကျား | စိုက်ပျိုးရေးဌာန မြို့နယ် |
| ၃ | မျိုးကောင်းမျိုးသန့် | " | " " |
| ၄ | [illegible] | မ | ကျေးလက်ဒေသဖွံ့ဖြိုးရေး [illegible] |
| ၅ | စိုက်ပျိုးစရိတ်ချေးငွေ | ကျား၊မ | မြို့နယ်စိုက်ပျိုးဘဏ် |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------ [illegible] ------ လက်မှတ် ------ Nyin ------ နေ့စွဲ ------ 1.1.2017 ------

[illegible]

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

လူထု [illegible] ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉ [illegible] ၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးမျိုးဇော်ထွန်း | |
| နေ့စွဲ ၁.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း / မြို့နယ် မြောင် | ကျေးရွာအုပ်စု ငါးရန့်ဘို |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ငါးရန့်ဘို | ရွာတောင်ထွက် လမ်းကွန်ကရစ် လမ်းခင်းခြင်း | ၅၀၀'×၁၅'×၀'-၆" | ၁၀၇၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၅၀၀၀၀၀၀ | | | | ၁၅၀၀၀၀၀၀ |
| | တာတောင်ခွဲထွက် သောလမ်း ကျောက်ချောလမ်း | ၂၂၀'×၁၂'×၀'-၁၀" | ၁၀၇၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၅၀၀၀၀၀၀ | | | | ၁၅၀၀၀၀၀၀ |
| မင်းလှ | ချောင်းဘက်လမ်း ကွန်ကရစ်လောင်း ပြီးကျောက်စီ | ၂၃၀'×၁၅'×၀'-၆"/ | | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၉၇၀၀၀၀၀ | | | | ၁၉၇၀၀၀၀၀ |
| | ပြောက်ကုန်း ရေပြ ရေဝင်ခြင်းနှင့်ရေ ကျော်မြောင်း | ၃၆'×၁၅' | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဒေါ်ညိုစိန် [signature] ၁.၁.၂၀၁၇

## ၁၂။အစည်းအဝေးမှတ်တမ်းများ

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| ကျေးရွာ ။ | ။ငါးရန့်အိုကျေးရွာ |
| ကျေးရွာအုပ်စု။ | ။ငါးရန့်အိုကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။စာသင်ကျောင်း။ |
| နေ့စွဲ ။ | ။၁၅.၁၂.၂၀၁၆ |
| အကြောင်းအရာ။ | ။ဒုတိယနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ပထမအကြိမ် အစည်းအဝေးပြု လုပ်ခြင်း။ |
| အစည်းအဝေးတက်ရောက်သူများ။ | ။ကျေးရွာသား(၁၄၀)ဦး၊ ကျေးရွာသူ(၁၀၁)ဦး၊ |

**ဆွေးနွေးချက်များ**

-ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း

-လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများမှ ကျေးရွာလူထုအားအသိပေးမိတ်ဆက်ခြင်း

-လူထုစည်းရုံးရေးမှူးမှ ဒုတိယနှစ်စက်ဂန်းလူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ကျေးရွာလူထုအားထပ်မံမိတ်ဆက်ရှင်းလင်းပေးခဲ့ပါသည်။အဓိကထူးခြားပြောင်းလဲမှုများ အနက်မှ ပထမဆုံးအနေဖြင့် ကျေးရွာအုပ်စုတစ်စုလျှင် ပထမနှစ်က လူဦးရေး (၃၀၀၀) အောက်ရှိလျှင် သိန်းနှစ်ရာ ထောက်ပံပိုးခဲ့ပြီး လူဦးရေ(၃၀၀၀)အထက်ရှိလျှင် သိန်းလေးရာ ထောက်ပံခဲ့ပါသည်။ စီမံကိန်းဒုတိယနှစ်တွင် လူဦးရေး(၃၀၀၀)အောက်ရှိလျှင် သိန်းနှစ်ဆယ်နှင့် လူဦးရေး(၃၀၀၀) ကျော်လျှင် သိန်းလေးဆယ်ထပ်မံထောက်ပံပိုးပေးမည်ဖြစ်ပါသည်။

-လူထုဗဟိုပြုစီမံကိန်း(မြောင်)အနေဖြင့် စီမံကိန်းပထမနှစ်က ပြည်ထောင်စုအဆင့် နှင့် တိုက်ရိုက်ပြုလုပ်ခဲ့ပြီး ဒုတိယနှစ်တွင် တိုင်းမှတဆင့် စီမံကိန်းလုပ်ငန်းများကိုအကောင်းအထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

-စီမံကိန်းလုပ်ငန်းများကိုလည်းစီမံကိန်းစက်ဝန်းအပိုင်း(၆)ပိုင်းအဆင့်(၁၄)ဆင့် အတိုင်းပြုလုပ် သွားမည် ဖြစ်ကြောင်းချပြရှင်းလင်းခဲ့ပါသည်။

-လက်ထောက်နည်းပညာမှူးမှ စီမံကိန်းလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် အဓိကတာဝန်ရှိသူများနှင့် တာဝန်ဝတ္တရာများအကြောင်းကို ကျေးရွာလူထုအား ချပြရှင်းလင်းခဲ့ပါသည်။

-ဆက်လက်၍ကျေးရွာကျေးရွာစေတနာ့ဝန်ထမ်းများကျား(၁)ဦး၊မ(၁)ဦးအားပြန်လည်ရွေးချယ်ရန် အစီအစဉ်ရှိမရှိမေးမြန်းဆွေးနွေးရာ မရွေးချယ်တော့ကြောင်းနှင့် စေတနာ့ဝန်ထမ်း(၂)ဦးမှလည်း ပြန်လည်ထမ်းဆောင်ရန်သဘောတူပါသည်။

-လူမှုဆန်းစစ်ခြင်းလုပ်ငန်းကိုလည်းချပြဆွေးနွေးပြီး လိုအပ်သည်များကိုထပ်မံဖြည့်စွက် ခဲ့ပါသည်။ ပြန်လည်အနှစ်ချုပ်ဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်များထမ**

-မြောင်လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းပထမနှစ် မှ စေတနာ့ဝန်ထမ်းကျား(၁)ဦး နှင့် မ(၁)ဦးတို့မှ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဆက်လက် တာဝန်ထမ်းဆောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

-ဒုတိယအကြိမ်အစည်းအဝေးကို လည်း ကျေးရွာလူထု အားလပ်ချိန်များတွင် ပြုလုပ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

| | |
|---|---|
| **မှတ်တမ်းတင်သူ** | **အတည်ပြုသူ** |
| **ဦးဇော်လွင်ဦး** | **ဦးခိုင်ဆွေလင်း** |
| **စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ** | **လူထုစည်းရုံးရေးမှူး** |

## စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ ။ | ။ငါးရန့်အိုကျေးရွာ |
| ကျေးရွာအုပ်စု။ | ။ငါးရန့်အိုကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။စာသင်ကျောင်း။ |
| နေ့စွဲ ။ | ။၁.၁.၂၀၁၇ |
| အကြောင်းအရာ။ | ။ဒုတိယနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ဒုတိယ အကြိမ် အစည်းအဝေးပြု လုပ်ခြင်း။ |
| အစည်းအဝေးတက်ရောက်သူများ။ | ။ကျေးရွာသား(၈၈)ဦး၊ ကျေးရွာသူ(၉၄)ဦး၊ |

**ဆွေးနွေးချက်များ**

-ကျေးရွာအုပ်ချုပ်ရေးမှူးမှာအဖွင့်အမှာစကားပြောကြားခြင်း

-လူထုစည်းရုံးရေးမှူးမှ ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဆွေးနွေး ပြီး ဒုတိယအကြိမ်အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ကျေးရွာလူထုအားရှင်းလင်းဆွေးနွေးခဲ့ပါသည်။

-အစည်းအဝေးတက်ရောက်လာသောကျေးရွာလူထုအားအမျိုးသားအမျိုးသမီးအဖွဲ့ငယ်များခွဲ၍ မိမိတို့၏ အခက်အခဲအတားအဆီးများ၊နောင်လမည့်(၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုဆွေးနွေးစေပြီး ကိုယ်စားပြု ကျား(၁)ဦးနှင့် မ(၁)ဦးရွေးချယ်စေပြီး ကျေးရွာလူထုအားပြန်လည်ချပြဆွေးနွေးခဲ့ပါသည်။

-လူထုစည်းရုံးရေးမှူးမှ ဆွေးနွေးချက်များအားပြန်လည်အနှစ်ချုပ်ဆွေးနွေးပြီး အမျိုးသားများတင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် အမျိုးသမီးများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုစုပေါင်းပေးခဲ့ပါသည်။

-လူထုဗဟိုပြုစီမံကိန်း၏ လည်မည့်(၃)နှစ်အတွက်အကျိုးဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အကျိုးမဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကြောင်းကို လက်ထောက်နည်းပညာမှူးမှ ကျေးရွာလူထု အားရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

-ကျေးရွာလူထုမှ တင်ပြသောဆွေးနွေးထားသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကျိုးဝင်သောလုပ်ငန်း အကျိုးမဝင်သောလုပ်ငန်းများခွဲခြားပြီး
အကျိုးဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းများကိုမဲပေးကာဦးစားပေးအဆင့်များ သတ်မှတ်ခဲ့ပါသည်။

-စီ/ထောက်ကော်မတီဝင်များ ပြောင်းလဲမှုရှိမရှိကိုလည်းဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်များ**

-လူထုဗဟိုပြုစီမံကိန်း၏နောင်လာမည့်(၃)နှစ်အတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များအားမဲပေးပြီးအဆင့်များကိုအောက်ပါအတိုင်းသဘောတူသတ်မှတ်ခဲ့ပါသည်။

၁။ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ချဉ်းကပ်လမ်းကျောက်ချောလမ်းခင်းခြင်း

၂။ ကျေးရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း

၃။ ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

စီထောက်ကော်မတီဝင်များ ပြောင်းလဲမှုမရှိဘဲ ယခင်နှစ်အတိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| **ဦးဇော်လွင်ဦး** | **ဦးခိုင်ဆွေလင်း** |
| **စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ** | **လူထုစည်းရုံးရေးမှူး** |

## ၁၃။ ငါးရံအိုကျေးရွာကလ္လာအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကျေးရွာတောင်ထွက်လမ်း ကွန်ကရစ်လမ်းခင်းခြင်း | ကျား/မ | ၂၀၁၇ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ချဉ်းကပ်လမ်းကျောက်ချော လမ်းခင်းခြင်း | ကျား/မ | ၂၀၁၇ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ကျေးရွာတွင်းလမ်းကျောက်ချော လမ်းခင်းခြင်း | ကျား/မ | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ဆေးပေးခန်းတည်ဆောက်ခြင်း | ကျား/မ | ၂၀၁၇- | - | မြို့နယ်ကျန်းမာရေးဌာန |
| | ၅ | | | - | - | - |
| အသက်မွေးဝမ်းကြောင်း၊ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျား | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၂ | မျိုးကောင်းမျိုးသန့် | ကျား | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၃ | အိမ်တွင်းလက်မှုပညာသင်တန်း | မ | - | - | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| | ၄ | | | - | | -- |
| | ၅ | | | - | - | - |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | | - | | - |
| | ၂ | | | - | - | - |
| | ၃ | | | - | -- | - |
| | ၄ | | | - | | - |
| ပညာရေး | ၁ | | | - | -- | |
| | ၂ | | | - | - | |
| | ၃ | | | - | - | - |
| အခြား | ၁ | စိုက်ပျိုးစရိတ်ချေးငွေ | ကျား၊ | - | - | မြို့နယ်စိုက်ပျိုးရေး ဘဏ် |
| | ၂ | | | - | - | - |
| | ၃ | | | | - | - |

၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

VDP အရည်အသွေးထိန်းချုပ်မှု(Check List for VDP)

ထိန်းချုပ်သူ- ရက်စွဲ--------------- ရွာ---------- VDP ရက်စွဲ---------------

မြို့နယ်------------ ကျေးရွာအုပ်စု-----------------

(၁)VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ)

- မျက်နှာဖုံး
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးများ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက်(ဆွေးနွေးချက်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောက်လေးနှစ်အတွက် ဦးစားပေး လုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦးအသက်မွေးမှု၊ပညာရေး၊လူမှုရေး ထိန်းသိမ်းမှု) နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်) မြေပုံများ ပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ……..
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂)လူမှုရေးအကဲဖြတ်မှု အရည်အသွေး နှင့် VDP စစ်ဆေးပါ

- VDP တွင် ပါဝင်သောဦးရေ(အမျိုးသား/အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှု အရည်အသွေး နှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေးအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထား သလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)---
- PRA နှင့်သက်ဆိုင်သေအခြား စီမံကိန်း အရေအတွက်(အမျိုးသား/သမီးရွေးချယ်မှု အရေအတွက်)